# အိုမန်နိုင်ငံတွင် အလုပ်လုပ်ကိုင်နေသော အိုမန်နိုင်ငံသားမဟုတ်သည့်ဝန်ထမ်းများအတွက် လမ်းညွှန်ချက်များ

လေးစားအပ်ပါသောဝန်ထမ်းခင်ဗျာ၊

**သင်နှင့်အလုပ်ရှင်အကြားဆက်ဆံရေးအပေါ် လွှမ်းမိုးထားသည့် အောက်ပါကိစ္စရပ်ပေါင်းများစွာအားသင့်အနေဖြင့်အလေးထားစေလိုပါသည်-**

- သင်သည်အိုမန်နိုင်ငံသို့အလုပ်လုပ်ရန်ရောက်ရှိလာပြီးအလုပ်ရှင်၏လိပ်စာမှန်ကိုရှာမတွေ့ပါက **(၈၀၀၇၇၀၀၀)** သို့ဖုန်းခေါ် ဆိုပါ။သို့မဟုတ်အလုပ်သမားဝန်ကြီးဌာနသို့ပြန်လည်သွားရောက်ပါ။
- သင့်အနေဖြင့်အိုမန်နိုင်ငံသို့ရောက်ရှိချိန်မှစ၍တစ်လအတွင်းသင်၏အလုပ်သမားကတ်သို့မဟုတ်နေထိုင်ခွင့်ကတ် (အရပ်သားကတ်) ကိုထုတ်ပေးသည့်လုပ်ငန်းစဉ်ပြီးမြောက်ခြင်းမရှိလျှင်သင်၏အထက်အရာရှိထံတိုက်ရိုက်အကြောင်းကြားပါ။
- သင်၏အလုပ်သမားကတ် (အရပ်သားကတ်) သည်သိမ်းဆည်းကိုင်ဆောင်ထားသင့်သောတရားဝင်စာရွက်စာတမ်းအထောက်အထားတစ်ခုဖြစ်သည်။
- သင်၏နိုင်ငံကူးလက်မှတ်ကိုသက်တမ်းမကုန်မီအသစ်ပြန်လုပ်ပါ။
- သင်၏တာဝန်များနှင့်လုပ်ပိုင်ခွင့်များကိုသိရှိနိုင်ရန်အလုပ်ခန့်အပ်စာချုပ်၏မိတ္တူကိုတောင်းဆိုနိုင်သလိုအမြဲသိမ်းဆည်းထားနိုင်သည်။
- အိုမန်အလုပ်သမားဥပဒေပုဒ်မ၃၅/၂၀၀၃နှင့်ပြင်ဆင်ချက်များအရသင်၏အလုပ်ရှင်သည်အချိန်ပိုအလုပ်အတွက်သင့်ကိုအချိန်ပိုကြေးပေးရမည်ဖြစ်သည်။
- သင်နှင့်အလုပ်ရှင်သို့မဟုတ်သူ၏ကိုယ်စားလှယ်တို့အကြားအလုပ်ကိစ္စနှင့်ပတ်သက်၍အငြင်းပွားမှုပေါ် ပေါက်လာပြီးထိုအငြင်းပွားမှုကိုမဖြေရှင်းနိုင်သည့်အခါလူ့စွမ်းအားဝန်ကြီးဌာနရှိအလုပ်သမားရေးရာညွှန်ကြားရေးမှူးချုပ်ထံသို့လိပ်မူ၍တိုင်ကြားနိုင်ပါသည်။
- လက်ခံနိုင်သည့်အကြောင်းပြချက်မရှိဘဲသင့်အားအလုပ်မှထုတ်ပယ်ပါကအလုပ်မှထုတ်ပယ်ကြောင်းသတိပေးခံရသည့်ရက်စွဲမှ၁၅ရက်အတွင်းထိုဆုံ

းဖြတ်ချက်ကိုရုတ်သိမ်းပေးရန်လူ့စွမ်းအားဝန်ကြီးဌာနရှိအလုပ်သမားရေးရာ ညှိနှိုင်းရေးမှူးချုပ်ထံသို့ တောင်းဆိုနိုင်ပါသည်။

- သင့်အနေဖြင့်လုပ်ကိုင်ခွင့်ရရှိထားသည့်အလုပ်အတွက်အလုပ်ရှင်ထံမှအလုပ်မထွက်ပါနှင့်၊သင့်အနေဖြင့်လုပ်ကိုင်ခွင့်မရရှိထားသည့်အလုပ်၏အလုပ်ရှင်အတွက်အလုပ်မလုပ်ပါနှင့်။ထိုသို့သောလုပ်ရပ်မျိုးကသင့်ကိုအကျဉ်းချခံရခြင်း၊ဒဏ်ငွေပေးဆောင်ရခြင်းတို့အပါအဝင်ဥပဒေကြောင်းအရနောက်ဆက်တွဲအကျိုးဆက်များ ဖြစ်ပေါ်လာစေနိုင်သည်။

- ဝန်ထမ်းတစ်ဦးသည်သက်ဆိုင်ရာအစိုးရဌာနတစ်ခုထံမှခွင့်ပြုချက်လိုင်စင်ရရှိမထားဘဲအိုမန်နိုင်ငံအတွင်းအလုပ်လုပ်နေလျှင်သို့မဟုတ်ထိုသူသည်လုပ်ကိုင်ခွင့်မရထားသည့်အလုပ်ရှင်အတွက်အလုပ်လုပ်နေခဲ့လျှင်ထိုသူသည်တစ်လထက်မပိုသောအချုပ်ကျခံနိုင်စေကြောင်းနှင့် OMR ၄၀၀ထက်မနည်းသော (၄၀၀ Omani riyal) နှင့်OMR ၈၀၀ (၈၀၀ Omani riyal)
  ထက်မပိုသောဒဏ်ကြေးကိုချမှတ်ခံရနိုင်ပါသည်။ထို့အပြင်ထိုသူ၏ရရှိထားသောအလုပ်ပါမစ်ကိုပယ်ဖျက်ခံရနိုင်ပြီးအလုပ်ရှင်၏ကုန်ကျစရိတ်ဖြင့်ထိုသူအားနိုင်ငံမှနင်ကာအိုမန်နိုင်ငံသို့ပြည်ဝင်ခွင့်ပိတ်ပင်ခံရမည်ဖြစ်ပါသည်။
- အလုပ်ခန့်အပ်စာချုပ်၏သက်တမ်းကုန်ဆုံးခြင်းသို့မဟုတ်ရက်လွန်ခြင်းနောက်ပိုင်းတစ်နှစ်ကြာသည့်အခါဝန်ထမ်းဖြစ်သူသည်မည်သည့်အခကြေးငွေကိုမျှတောင်းခံ၍ရနိုင်မည်မဟုတ်ပါ။
- သင့်အနေဖြင့်ပြည်သူ့ရေးရာအရာရှိများနှင့်ပူးပေါင်းဆောင်ရွက်သင့်ပါသည်။
  ပြည်သူ့ရေးရာအရာရှိတစ်ဦးကိုၖင်း၏လုပ်ပိုင်ခွင့်များအသုံးချခြင်းသို့မဟုတ်အလုပ်တာဝန်ဆောင်ရွက်ခြင်းတို့မှတားဆီးသူသို့မဟုတ်
  နှောင့်နှေးအောင်လုပ်ဆောင်သူမည်သူမဆိုဒဏ်ငွေဆောင်ရခြင်းသို့မဟုတ်အချုပ်ကျခံရခြင်းတို့ချမှတ်ခံရနိုင်သည်။ထိုသို့ပြစ်မှုမျိုးကိုအဖန်တလဲလဲကျူးလွန်ပါကအထက်ဖော်ပြပါပြစ်ဒဏ်များနှစ်ဆတိုးသွားမည်ဖြစ်သည်။
- ဘေးအန္တရာယ်မဖြစ်စေရန်အတွက်သင်၏အလုပ်ခွင်နေရာတွင်ကျင့်သုံးရမည့်ဘေးကင်းလုံခြုံရေးနှင့်ကျန်းမာရေးဆိုင်ရာစည်းမျဉ်းများ၊လုပ်ငန်းစဉ်များကိုလိုက်နာရပါမည်။
- လုပ်ငန်းပိုင်းလုပ်ဆောင်ချက်များသည်လူ့စွမ်းအားဝန်ကြီးဌာနမှထုတ်ပြန်ထားသည့်သီးခြားဥပဒေလုပ်ဆောင်ချက်များအတိုင်းဖြစ်ရမည်။အခြေခံဝန်ဆောင်မှုများထောက်ပံ့ပေးထားသည့်အဆောက်အအုံတစ်ခုတွင်မည်သူမျှသပိတ်မှောက်ဆန္ဒပြခွင့်ရှိမည်မဟုတ်ပါ။
- ဝန်ထမ်းတိုင်းသည်အစ္စလာမ်ဘာသာကိုလေးစားရမည်ဖြစ်ပြီးလူမှုရေးနှင့်ကျင့်ဝတ်ပိုင်းဆိုင်ရာတန်ဖိုးများအပါအဝင်အိုမန်နိုင်ငံတွင်သတ်မှတ်ထားသောဥပဒေများနှင့်စည်းမျဉ်းများများကို
  လေးစားရမည်။အိုမန်၊နိုင်ငံ၏လုံခြုံရေးကိုထိခိုက်ပျက်ယွင်းစေနိုင်သည့်အပြ

ြအမှုများမလုပ်ဆောင်ရေးသည်လူတိုင်း၏အခြေခံကျသောတာဝန်တစ်ရပ်ဖြစ်ပါသည်။

- အလုပ်ပြီးစီးသည့်အခါ ပြန်လည်အပ်နှံနိုင်ရန်အတွက်သင်၏အလုပ်တွင်သင်ကိုင်ဆောင်သောလုပ်ငန်းသုံးကိရိယာတန်ဆာပလာများနှင့်မည်သည့်ထုတ်လုပ်ရေးနည်းလမ်းများကိုမဆိုထိန်းသိမ်းပြုပြင်ထားသင့်သည်။
- အလုပ်ရှင်တစ်ဦးသည်၎င်း၏ဝန်ထမ်းကိုသဘောတူထားသည့်အခကြေးငွေအပေါ် အခြေခံ၍လစာမှန်မှန်ပေးရမည်။
- လုပ်ကိုင်ခွင့်ရရှိထားသောအလုပ်ရှင်မှလွဲ၍တခြားတစ်ဦးဦးအတွက်မည်သည့်ဝန်ထမ်းတစ်ဦးတစ်ယောက်ကမျှအလုပ်လုပ်ပေးခွင့်ရှိမည်မဟုတ်ပါ။ ထို့ပြင်
- သင်၏အလုပ်ရှင်သည် သင်၏အလုပ်လုပ်ကိုင်ခွင့်လိုင်စင်၊ အလုပ်သမားကတ်၊ နှင့်နေထိုင်ခွင့်ဗီဇာ တို့အတွက်ကုန်ကျစရိတ်များကို ကျခံရမည်ဖြစ်သည်။ ဥပဒေနှင့်အညီအလုပ်လုပ်ကိုင်နေသရွေ့ ထိုသို့သောကုန်ကျစရိတ်များကို မည်သည့်ဝန်ထမ်းမျှ ကျခံရမည်မဟုတ်ပါ။

**လေးစားစွာဖြင့်**

**အလုပ်သမားရေးရာညွှန်ကြားရေးမှူးချုပ်**

**လူ့စွမ်းအားဝန်ကြီးဌာန**

www.manpower.gov.om